# နွေဦးအသံ
## the voice of spring

10.4.2021 · Saturday · No . 5 · Daily News Pamphlet

## အာဏာလုအကြမ်းဖက်စစ်အုပ်စုက ခန့်အပ်သည့် မည်သူမဆို နိုင်ငံ့ဝန်ထမ်းအဖြစ် အသိအမှတ်ပြုမည် မဟုတ်ကြောင်း CRPH ကြေညာ

သတင်းတို

ရင်းမြစ် – CRPH မှ

## ပဲခူးမြို့ရှိ လူနေရပ်ကွက်များအတွင်း ဝင်ရောက်စီးနင်း၍ လက်နက်ကြီးများဖြင့်ပစ်ခတ်ဖြိုခွင်းမှုကြောင့် သေဆုံးသူ(၃၀) ထက်မနည်းရှိခဲ့ပြီး ပြည်သူများ နေရပ်စွန့်ခွာတိမ်းရှောင်နေကြရ

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

## အထူးလေးနက်စွာ မေတ္တာရပ်ခံတောင်းဆိုခြင်း

မတရားသဖြင့် နိုင်ငံတော် အာဏာလုယူထားသည့် စစ်သွေးကြွ အကြမ်းဖက်အုပ်စုအား အရှိန်အဟုန်မပြတ် ဆက်လက်ဆန့်ကျင်ခြင်းအားဖြင့်လည်းကောင်း၊

ကျဆုံးခဲ့ရသော အာဇာနည်တို့၏ အသက်များနှင့် ဖမ်းဆီးခံ သူရဲကောင်းတို့၏ပေးဆပ်မှုများကို လေးစားသောအားဖြင့် လည်းကောင်း၊

မြန်မာ့နှစ်သစ်ကူးသင်္ကြန်ကာလ၏ ပျော်ပွဲရွှင်ပွဲများအပါအဝင် အလှူပွဲများ ကျင်းပခြင်း၊ ပါဝင်ဆင်နွှဲခြင်းများ မပြုလုပ်ကြပါရန် အထူးလေးနက်စွာ မေတ္တာရပ်ခံ တောင်းဆိုအပ်ပါသည်။

## ဖွဲ့မလျှော့ တိုက်ပွဲပျော်စိတ်နဲ့ "ကော်ဖီသပိတ်" ပြုလုပ်နေကြ







ဧပြီလ ၉ ရက်၊ မိုးကုတ်မြို့၌ ပြုလုပ်ခဲ့သည့် 'ကော်ဖီသပိတ်' လှုပ်ရှားမှုတခုကို တွေ့ရစဉ်-(ဓါတ်ပုံ-စီဂျေ)

## စစ်ကိုင်းတိုင်း၊ ရေဦး၊ ကသာမြို့နှင့် မိုးကုတ်မြို့၌ အင်အားရာချီ၍ အရှိန်မပြတ်ဆန္ဒပြခဲ့ကြ

သတင်းတို

ရင်းမြစ် – နွေဦးအသံ မှ

## အကြမ်းဖက်စစ်အုပ်စုမှ KIA ဌာနချုပ်အနီးကို လက်နက်ကြီးများဖြင့်ပစ်ခတ်တိုက်ခိုက်

သတင်းတို

ရင်းမြစ် – ဧရာဝတီမှ

## CRPH ကို တရုတ်သံရုံးမှ ဆက်သွယ်ခဲ့ပြီး ဆက်သွယ်ရေးလမ်းကြောင်းဖွင့်ထားလိုဟုပြော

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## KIA တပ်ဖွဲ့က အကြမ်းဖက်စစ်အုပ်စုကို မိုင်းခွဲတိုက်ခိုက်ရာ အများအပြားသေဆုံးခဲ့

သတင်းတို

ရင်းမြစ် – ဘီဘီစီမှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊
ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

# သတင်းမှတ်စု

ဧပြီလ (၉) ရက်၊ ၂၀၂၁

www.facebook.com/thevoiceofspring
twitter@NewsPamphlet
thevoiceofspringdaily@gmail.com



- ပဲခူးမြို့ မဂ္ဂတစ်လမ်းမရှိ ခံတပ်ကို နံနက် ၅ နာရီအချိန်မှ စတင်ပြီး ဝင်ရောက် ဖြိုခွဲပြီး ရပ်ကွက်နေပြည်သူများကိုပါ အကြောင်းမဲ့ လိုက်လံပစ်ခတ်နေသဖြင့် ပြည်သူအများအပြား နေရပ်စွန့်ခွာ ထွက်ပြေးနေရသည်။ မွန်းလွဲပိုင်းအထိ ပစ်ခတ်မှုကြောင့် သေဆုံးသူဦးရေမှာ ၃၀ ကျော်နိုင်ပြီး ဆိုရှယ်လစ် ၁၃ လမ်းထိပ်တွင် ရုပ်အလောင်းများကို စုပုံထားကြောင်း သိရ။
- ဩစတြေးလျ၊ ကနေဒါ၊ အီးယူ၊ ချက်သမ္မတနိုင်ငံ၊ ဒိန်းမတ်၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ နယ်သာလန်၊ စပိန်၊ ဆွီဒင်၊ နယူးဇီလန်၊ နော်ဝေ၊ ကိုရီးယား၊ ဆွစ်ဇာလန်၊ ယူကေနှင့် အမေရိကန်နိုင်ငံတို့မှ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများသည် စစ်တပ်၏အကြမ်းဖက်မှုကြောင့် အပြစ်မဲ့ပြည်သူ ၆၀၀ ကျော် သေဆုံးခဲ့မှုအပေါ် အပြင်းအထန်ရှုတ်ချပြီး ဒီမိုကရေစီအရေးအတွက် မြန်မာပြည်သူများနှင့် အတူတကွ ရပ်တည်သွားမည်ဖြစ်ကြောင်း ပူးတွဲကြေညာချက်တစောင်ကို ထုတ်ပြန်ခဲ့။
- ဧပြီလ ၈ ရက်၊ ည ၈ နာရီခွဲခန့်တွင် ကချင်လွတ်မြောက်ရေးတပ်မတော် KIA တပ်မဟာ ၂၊ အမှတ် ၁၁ တပ်ရင်းတပ်ဖွဲ့များမှ အကြမ်းဖက် စစ်အုပ်စု၏ လက်နက်ကြီးသယ်ဆောင်လာသော ကားများကို လမ်းလုံခြုံရေး ယူပေးနေသည့် စကခ ၃ တပ်မှ အင်အား ၅၀ ခန့်ရှိတပ်ဖွဲ့များအား မရန်ကထောင်နှင့် မိုးကောင်းမြို့ကြား လွယ်လီယံကျေးရွာ၌ မိုင်းခွဲတိုက်ခိုက်ခဲ့ရာ အကျအဆုံးနှင့် ထိခိုက်ဒဏ်ရာရသူ အများအပြားရှိကြောင်းသိရ။
- လူထုရွေးချယ်အသိမှတ်ပြုထားသည့် အစိုးရအဖွဲ့နှင့်အတူ ပြည်ထောင်စု ဖက်ဒရယ်အခြေခံဖွဲ့စည်းပုံဥပဒေ ရေးဆွဲရာတွင် ပါဝင်နိုင်ရေးအတွက် တနင်္သာရီ လူမျိုးပေါင်းစုံကွန်ဂရက်(TNC)ကို ဖွဲ့စည်းပြီးစီးကြောင်းကြေညာခဲ့။
- မုံရွာမြို့အိမ်ရှင်မများဦးဆောင်သည့်သပိတ်စစ်ကြောင်းချီတက်ဆန္ဒပြခဲ့။
- ရန်ကုန်၊ စမ်းချောင်းမြို့ရှိ ပျောက်ကြားသပိတ် ဖြိုခွင်းခံရပြီး နှစ်ဦး ရာဘာကျည်ထိ၊ နှစ်ဦးဖမ်းဆီးခံခဲ့ရ။
- ဖားကန့် အခြေစိုက် အလွတ်တန်း သတင်းထောက် ၁ ဦး ဖမ်းဆီးခံရ။
- ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ပင်မသပိတ်နှင့် ကျောင်းသားသမဂ္ဂတို့ ပူးပေါင်းပြီး ဆန္ဒပြခဲ့ကြရာ ဖြိုခွင်းခံခဲ့ရပြီး မြေမြင့်ရပ်ကွက်၌ ကျောင်းသူ ၂ ယောက် ဖမ်းဆီးခံခဲ့ရ။
- မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး မီးလောင်မှု ဖြစ်ပွားခဲ့။
- ပြင်ဦးလွင်မြို့ အနီးစခန်း။ တနင်္သာရီတိုင်း ပုလောမြို့နယ် လက္ကူးကျေးရွာမတို့၌ လူမဲ့သပိတ်ဖြင့် ဆန္ဒဖော်ထုတ်ခဲ့ကြ။
- ဖားကန့်မြို့နယ်၊ဆိုင်းတောင်ကျေးရွာ။ ကန့်ဘလူမြို့နယ်။ မုံရွာ။ ရန်ကုန်၊ သန်လျင်မြို့။ မန္တလေးတိုင်း မိတ္ထီလာမြို့ တို့၌ ဆိုင်ကယ်သပိတ်ဖြင့် လှည့်လည်ဆန္ဒဖော်ထုတ်ခဲ့ကြ။
- မန္တလေးမြို့၊မဟာအောင်မြေမြို့နယ်၌ ဗကသသပိတ်စစ်ကြောင်းနှင့် မန္တလေးမြို့ပေါ်တက္ကသိုလ် ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ ဝန်ထမ်းများ သပိတ်စစ်ကြောင်းတို့ စုပေါင်းပြီး အရှိန်မပြတ် ချီတက်ဆန္ဒပြခဲ့ကြ။
- ပုန်ကန်မိုးတွေရွာဖို့ မိုးခေါ်သည့် လွန်ဆွဲပွဲကိုမန္တလေးတက္ကသိုလ်ကျောင်းသူ၊ကျောင်းသားများက မန္တလေးမြို့၌ ပြုလုပ်ခဲ့။
- ဖြူးမြို့၌ အာဏာလုအကြမ်းဖက်စစ်အုပ်စုကိုအားပေးကူညီနေသည့် တရုတ်နိုင်ငံအားအလိုမရှိကြောင်း ပြသသည့်အနေဖြင့် တရုတ်နိုင်ငံအလံကို မီးရှို့ဆန္ဒပြခဲ့ကြ။
- လှိုင်ကော်မြို့၊နာနတ်တောရပ်၌ MWD နှင့် MRTV ရုပ်သံလိုင်းမှ ငြိမ်းချမ်းစွာဆန္ဒပြသည့်ပြည်သူများကိုအကြမ်းဖက်သမားများအဖြစ် ပြောင်းပြန် လိမ်ညာ ထုတ်လွှင့်နေသည့်အတွက် အမျိုးသားများက အမျိုးသမီးသဖွယ်ဝတ်ဆင်၍ အမျိုးသမီးများက အမျိုးသားများကဲ့သို့ ဝတ်ဆင်ထားသော ပြောင်းပြန် သပိတ်ကို ဆင်နွှဲခဲ့ကြ။
- ဧရာဝတီ၊ ဖျာပုံ။ ရန်ကုန်- ဒေါပုံ၊ ကမာရွတ်၊ မရမ်းကုန်း၊ အင်းစိန်၊ မင်္ဂလာတောင်ညွန့်၊ တောင်ဒဂုံ၊ လှိုင်။ မန္တလေး- မြင်းခြံ၊ အမရပူရ၊ စဥ့်ကိုင်၊ ပလိပ်။ တောင်ကြီး။ ဖြူးမြို့နယ်- ကညွတ်ကွင်း။ ကချင်ပြည်နယ်-မိုးညှင်းမြို့နယ်၊ နန်းမားမြို့၊ မိုးကောင်းမြို့။ ဆားလင်းကြီးမြို့နယ် ဖောင်းကားကျေးရွာ။ မကွေးတိုင်း အောင်လံမြို့။ ပဲခူးတိုင်း၊ ဒိုက်ဦးမြို့။ ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာအုပ်စု။ မန္တလေးတိုင်း-ကျောက်ပန်းတောင်းမြို့ တို့၌ လူအင်အားအပြည့်ဖြင့် သပိတ်စစ်ကြောင်းချီတက်ဆန္ဒပြခဲ့ကြဟု သိရ။

ရင်းမြစ် - ခေတ်သစ်၊ဧရာဝတီ၊ မဇ္ဈိမ မှ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
ဧပြီလ(၇)ရက်အထိ

ကျဆုံးသူဦးရေ
- ၆၁၄ ဦး
( ကလေးငယ် ၄၇ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၂၇၅၇ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၅၀၀ ဦး

ရင်းမြစ် - အေအေပီပီမှ




"လုံးဝ အုပ်ချုပ်၍ မရစေရ" အနီရောင်လှုပ်ရှားမှု
တနိုင်ငံလုံးအနှံ့ ပိုမိုအားကောင်းပြန့်နှံ့လာကြောင်းသိရ

**ညော့ စာရင်း တိုင် မယ်ဆို CDM တွေကို အားနာပါ**

**အရေးတော်ပုံ မုချ အောင်ရမည်**